သို့
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥက္ကဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ
မြန်မာနိုင်ငံ။

စက်တင်ဘာ ၁၀ ရက်၊ ၂၀၁၀ ခုနှစ်

အကြောင်းအရာ ။ ။ ပဲခူးမြို့တွင် တပ်မတော်သားအချို့က ဥပဒေမဲ့ ရက်စက်ကြမ်းတမ်းစွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အရပ်သား လူငယ်နှစ်ဦး သေဆုံးခဲ့ရသည့် အဖြစ်အပျက်မှ အဖြစ်မှန်ကို တရားဥပဒေအတိုင်း ဖော်ထုတ် အရေးယူ ဆောင်ရွက်ရန် အလေးအနက် တောင်းဆိုခြင်း။

၂၀၁၀ ခုနှစ် စက်တင်ဘာ ၄ ရက်ည သန်းခေါင်ယံတွင် ပဲခူးမြို့တွင်း ဖြစ်ပွားခဲ့သည့် တပ်မတော်သားများနှင့် အရပ်သားလူငယ်အချို့အကြား ခိုက်ရန်ဖြစ်ပွားမှု၌ တပ်မတော်သားများက လက်နက်အားကိုးဖြင့် ဥပဒေမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် အောင်သူဟိန်း (၂၂နှစ်) နှင့် စိုးပိုင်ဖော် (၁၈နှစ်)တို့ နှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

ဂျပန်နိုင်ငံတွင် အခြေစိုက်သည့် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားနေသော ကျွန်ုပ်တို့သည် အဆိုပါ အဖြစ်အပျက်ကို ကြားသိရသည့်အတွက် လွန်စွာ တုန်လှုပ်သွားခဲ့ရသည်။ ဤကိစ္စမျိုးသည် လုံးဝ လက်မခံသင့်သောကိစ္စ၊ နောက်နောင် မဖြစ်သင့်သောကိစ္စ ဖြစ်သည့်အပြင် နောက်နောင် မဖြစ်အောင် ကြိုတင် ကာကွယ်သင့်သောကိစ္စလည်း ဖြစ်သည်ဟု ကျွန်ုပ်က စွဲမြဲစွာယုံကြည်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်အုပ်ချုပ်နေသော မြန်မာနိုင်ငံတွင် တပ်မတော်သားအချို့က စစ်တပ် အရှိန်အဝါသုံး၍ လက်နက်အားကိုးဖြင့် ပြည်သူလူထုအား အနိုင်ကျင့်နေသည်ကို ဤအဖြစ်အပျက်က ကောင်းစွာ မီးမောင်းထိုးပြနေသည်။ ထို့အပြင် ပြည်သူလူထုအား ခြိမ်းခြောက် အနိုင်ကျင့်ခြင်း၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားမှုကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ တရားဥပဒေ စိုးမိုးမှုကို ထိခိုက်စေခြင်း ဖြစ်သည့်အတွက် အထူးသဖြင့် နိုင်ငံအတွက် အလွန်အရေးကြီးသော ပါတီစုံ ဒီမိုကရေစီစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လွတ်လပ်လပ် သမာသမတ်ကျစွာ ကျင်းပနိုင်ရန် နှစ်လတာမျှသာ လိုတော့သော အချိန်အခါမျိုး ဖြစ်သဖြင့် ကျွန်ုပ်တို့က ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

ပြည်သူလူထု၏အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည့် တပ်မတော်သည် ယခုအခါ တပ်မတော်၏ စစ်စည်းကမ်းများကိုပင် ဖောက်ဖျက်လျက် ပြည်သူလူထုအား စစ်မြေပြင်မှ ရန်သူပမာ သတ်ဖြတ်ရဲသည့် အခြေအနေသို့ ရောက်ရှိနေသည်မှာ တပ်မတော်၏ အကြီးအကဲဖြစ်သော ဗိုလ်ချုပ်မှူးကြီးတွင် လုံးဝ တာဝန်ရှိသည်။

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခြေလျင်တပ်ရင်းအမှတ် ၅၉ မှ တပ်မတော်သားအချို့၏ ယခုကဲ့သို့သော လုပ်ရပ်သည် နိုင်ငံတကာ ဂျီနီဗာ သဘောတူညီမှုများနှင့် နိုင်ငံတကာ သဘောတူညီချက် ဖြစ်သည့် စစ်ရာဇဝတ်မှုများကိုလည်း အတိအလင်း ဖောက်ဖျက်လျက်ရှိသည်။

ထို့ကြောင့် ယခုကဲ့သို့ ဖြစ်ပွားခဲ့ရသည့် အဖြစ်အပျက် အခြေအနေမှန်ကို ပြည်သူသို့ အတိအလင်း ထုတ်ပြန် ရှင်းလင်း ကြေညာရန်နှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာ အပြစ်ပေးရန် ကျွန်ုပ်တို့က အလေးအနက် တောင်းဆိုလိုက်သည်။

မြန်မာ့ဒီမိုကရေစီ အင်အားစု
ဂျပန်နိုင်ငံ